# အရေးပေါ်အသေးစားသုံးငွေစသည့် အထူးချေးငွေများအား ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍

ဤငွေများသည် နိုင်ငံတော်မှ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက “ငွေပြန်ဆပ်ခြင်းကင်းလွတ်ခွင့် (ပြန်ဆပ်ရန်မလိုအပ်ခြင်း)” ရရှိပါမည်။
2023 ခုနှစ်တွင် ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်ဆိုင်ရာများကို လုပ်ဆောင်နိုင်သူများမှာ 2023 ဘဏ္ဍာနှစ်တွင် “သင် (ချေးယူထားသူ)” နှင့် “သင် (ချေးယူထားသူ) ၏ အိမ်ထောင်ဦးစီး” နှစ်ဦးစလုံးသည် “နေထိုင်သူတစ်ဦးချင်းအခွန်နှုန်း၊ ဝင်ငွေခွန်နှုန်း နှစ်ခုလုံးမှ ကင်းလွတ်ခွင့် (နေထိုင်ခွန်ကို ပေးဆောင်ရန်မလိုခြင်း)” ရထားလျှင်ဖြစ်သည်။
သင်သည် “ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်” ရနိုင်မရနိုင်ကို၊ “ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်” ရရန်အတွက် မည်သို့လုပ်ဆောင်ရမည်ကို ရှင်းပြမည် ဖြစ်သောကြောင့် သေသေချာချာဖတ်ကာ၊ လိုအပ်သည်များကို လုပ်ဆောင်ပါ။

## 1 သင်အသုံးပြုခဲ့သည့် ချေးငွေကို အတည်ပြုပါ

| ချေးငွေအမျိုးအစား | ချေးယူကာလ | အများဆုံးချေးငွေပမာဏ |
|---|---|---|
| အရေးပေါ်အသေးစားသုံး ငွေ | | ယန်း 2 သိန်း |
| ဘက်စုံထောက်ပံ့ရေးငွေ (ကနဦးချေးငွေ) | 1 လမြောက် မှ 3 လမြောက် | တစ်ဦးတည်းရှိသည့်အိမ်ထောင်စု□လစဉ်ငွေပမာဏ ယန်း 1 သိန်းခွဲ<br>နှစ်ဦးနှင့်အထက်ရှိသည့်အိမ်ထောင်စု□လစဉ်ငွေပမာဏ ယန်း 2 သိန်း |
| ဘက်စုံထောက်ပံ့ရေးငွေ (ကာလတိုးချေးငွေ) * | 4 လမြောက် မှ 6 လမြောက် | |

* “ကာလတိုးချေးငွေ” ဆိုသည်မှာ ကနဦးချေးငွေ၏ ချေးယူကာလကို ကာလထပ်တိုးထားသည့် (ဆက်လက်အသုံးပြုသည့်) ချေးငွေဖြစ်သည်။ 2020 ခုနှစ် ဇူလိုင်လမှ 2021 ခုနှစ် ဇွန်လအထိ လက်ခံဆောင်ရွက်ပေးခဲ့သည်။



## 2 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်ရနိုင်သည့် ငွေပမာဏ

**2022 ခုနှစ် ဧပြီလနောက်ပိုင်းတွင်**
လျှောက်ထားပြီး၊ ချေးယူထားသည့် အရေးပေါ်အသေးစား သုံးငွေ သို့မဟုတ် ဘက်စုံထောက်ပံ့ရေးငွေ (ကနဦးချေးငွေ)

→

ဘက်စုံထောက်ပံ့ရေးငွေ (**ကာလတိုးချေးငွေ**)

→ **ကျန်ရှိနေသော ငွေပမာဏ အားလုံး**

2023 ခုနှစ် ဇန်နဝါရီလ မှ ဒီဇင်ဘာလအထိတွင်
**ပြန်ဆပ်ရမည်ဖြစ်သည်**
ချေးယူထားသည့် အရေးပေါ်အသေးစားသုံးငွေ သို့မဟုတ် ဘက်စုံထောက်ပံ့ရေးငွေ (ကနဦးချေးငွေ)

→ **13 လမြောက်၏ နောက်ပိုင်းတွင် ပြန်ဆပ်ရန် စီစဉ်ထားသည့် ငွေပမာဏ**

ဥပမာ 1) ဘက်စုံထောက်ပံ့ရေးငွေ (ကနဦးချေးငွေ) ယန်း 6 သိန်းကို 2023 ခုနှစ် ဇန်နဝါရီလမှ 10 နှစ်အတွင်း ပြန်ဆပ်ရန် စီစဉ်ထားပါက

2023 ခုနှစ် ဇန်နဝါရီလ — 2024 ခုနှစ် ဇန်နဝါရီလ — 2032 ခုနှစ် ဒီဇင်ဘာလ


| 2023 ခုနှစ် ဇန်နဝါရီလ – 2024 ခုနှစ် ဇန်နဝါရီလ | 2024 ခုနှစ် ဇန်နဝါရီလ – 2032 ခုနှစ် ဒီဇင်ဘာလ |
|---|---|
| 5,000 ယန်း × 1 နှစ်စာ = 60,000 ယန်း | 5,000 ယန်း × 9 နှစ်စာ = 540,000 ယန်း |
| ပြန်ဆပ်ရန်လိုအပ်သည် | ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်တွင် အကျုံးဝင်သည် |

ဥပမာ 2) ဘက်စုံထောက်ပံ့ရေးငွေ (ကနဦးချေးငွေ) ယန်း 4 သိန်း 5 သောင်းကို 2023 ခုနှစ် ဇွန်လမှ 5 နှစ်အတွင်း ပြန်ဆပ်ရန် စီစဉ်ထားပါက

2023 ခုနှစ် ဇွန်လ — 2024 ခုနှစ် ဇွန်လ — 2028 ခုနှစ် မေလ

| 2023 ခုနှစ် ဇွန်လ – 2024 ခုနှစ် ဇွန်လ | 2024 ခုနှစ် ဇွန်လ – 2028 ခုနှစ် မေလ |
|---|---|
| 7,500 ယန်း × 1 နှစ်စာ = 90,000 ယန်း | 7,500 ယန်း × 4နှစ်စာ = 360,000ယန်း |
| ပြန်ဆပ်ရန်လိုအပ်သည် | ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်တွင် အကျုံးဝင်သည် |

## 3 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်တွင် အကျုံးဝင်မဝင် အတည်ပြုပါ




1 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့် မရနိုင်ပါ → 6 သို့

2 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့် လျှောက်ထားပါ → 4 သို့


3 သင်သည် "2023 ဘဏ္ဍာနှစ် နေထိုင်ခွန်ကင်းလွတ်ခွင့်" ရထားသလားဆိုသည်ကို အတည်ပြုပါ → 5 သို့

4 သင်နှင့် အိမ်ထောင်ဦးစီးသည် "2023 ဘဏ္ဍာနှစ် နေထိုင်ခွန်ကင်းလွတ်ခွင့်" ရထားသလားဆိုသည်ကို အတည်ပြုပါ → 5 သို့

## 4 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်လျှောက်ထားခြင်းနည်းလမ်း

- **လျှောက်ထားရန်နောက်ဆုံးရက်** 2023 ခုနှစ် ဩဂုတ်လ 31 ရက် (ထိုနေ့တွင် အသုံးပြုခွင့်ကုန်ဆုံးကြောင်း တံဆိပ်နှိပ်မည်ဖြစ်သည်)
- **လိုအပ်သည့်စာရွက်စာတမ်းများ**
  ① နေထိုင်သူကတ် (အိမ်ထောင်စုဝင်အားလုံး ပါဝင်နေပြီး၊ 3 လအတွင်း ထုတ်ပေးထားသည့်ကတ်)
  ② 2023 ဘဏ္ဍာနှစ် အခွန်ကင်းလွတ်ခွင့် ထောက်ခံစာ
  ③ ငွေပြန်ဆပ်ခြင်းကင်းလွတ်ခွင့်လျှောက်လွှာ (စာအိတ်ထဲ )
  * ③ ၏ဖြည့်နည်းကို နားမလည်ပါက အထူးချေးငွေရုံးစင်တာ သို့မဟုတ် သင်နေထိုင်သည့် မြို့နယ်မှ လူမှုဝန်ထမ်း ကောင်စီသို့ တိုင်ပင်ဆွေးနွေးပါ
- **လျှောက်ထားရမည့်နေရာ** Tokyo Council of Social Welfare အထူးချေးငွေရုံးစင်တာ
  * ဤစာနှင့်အတူပါလာသည့် စာအိတ်ထဲသို့ထည့်၍ ပေးပို့ပါ

## 5 နေထိုင်ခွန်နှင့်ပတ်သက်၍ စစ်ဆေးခြင်းနည်းလမ်း




- **2023 ဘဏ္ဍာနှစ်တွင် အခွန်ကင်းလွတ်ခွင့်ရခဲ့သည် ➔** 4 သို့
- **2023 ဘဏ္ဍာနှစ်တွင် အခွန်ဆောင်ခဲ့သည် ➔** 6 သို့

## 6 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်မရပါက

ပြန်မဆပ်မီတွင် အသိပေးစာ ပေးပို့ပါမည်။ လိပ်စာပြောင်းသွားပါက အကြောင်းကြားပေးပါ။

## 7 ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်လျှောက်ထားခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများပြီးဆုံးပါက

2023 ခုနှစ် စက်တင်ဘာလနောက်ပိုင်းတွင် ပြန်ဆပ်ခြင်းကင်းလွတ်ခွင့် ရမရကို စာဖြင့် အကြောင်းကြားပါမည်။
ဘက်စုံထောက်ပံ့ရေးငွေ (ပြန်ချေးယူခြင်း) ကိုချေးယူခဲ့သူများအား နောက်နှစ်တွင် ပြန်ဆပ်ခြင်းကင်းလွတ်ခွင့်နှင့် စပ်လျဉ်း၍ ထပ်မံ လမ်းညွှန်မည်ဖြစ်သောကြောင့် လိပ်စာပြောင်းသွားပါက အကြောင်းကြားပေးပါ။

### စုံစမ်းမေးမြန်းရန်

〒119-0213 Tokyo Council of Social Welfare အထူးချေးငွေရုံးစင်တာ
☎ 050-3668-5012(လက်ခံသည့်အချိန်။ ရုံးဖွင့်ရက် 9: 30 ~ 17:30)
https://www.tcsw.tvac.or.jp/activity/coronatokurei.html